**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ**

**စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်**

**ကယားပြည်နယ်။**

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)

## လယ်ပိုကျေးရွာ၊ ကွာခီးကျေးရွာအုပ်စု၊ ဖါးဆောင်းမြို့နယ်



**ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၆ - ၂၀၁၇)**

**Village Development Plan (VDP)**

## မာတိကာ

၁။ ဖားဆောင်း မြို့နယ်မြေပုံ

၂။ လယ်ပိုကျေးရွာမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)


၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ ဖါးဆောင်း မြို့နယ်မြေပုံ



## ၂။ လယ်ပို ကျေးရွာမြေပုံ


လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ
လယ်ပိုကျေးရွာ
၈.၃.၂၀၁၇
N
အညွှန်းများ
လူနေအိမ်
ချောင်း
ခရစ်ယာန်ဘုရားကျောင်း
ရေပိုက်လိုင်း

## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စုအရေအတွက် | လူဦးရေစာရင်း | | |
|---|---|---|---|---|---|
| | | | ကျ | မ | ပေါင်း |
| ၁ | ထိုကဒူး | ၃၅ | ၁၁၈ | ၁၀၃ | ၂၂၁ |
| ၂ | ဝေဝေါ်ဘို | ၇၄ | ၁၉၇ | ၁၈၃ | ၃၈၀ |
| ၃ | ကသိုးခီး(ထက်) | ၁၅ | ၄၂ | ၂၈ | ၇၀ |
| ၄ | ကသိုးခီး(အောက်) | ၄၅ | ၁၀၆ | ၁၀၈ | ၂၁၄ |
| ၅ | ဟိုမူကလပ် | ၂၃ | ၆၆ | ၅၅ | ၁၂၁ |
| ၆ | တီးပို | ၄၃ | ၁၁၁ | ၉၉ | ၂၁၁ |
| ၇ | ဖွေလေးခို | ၃၃ | ၉၄ | ၇၅ | ၁၆၉ |
| ၈ | မူခါးဒေး | ၂၅ | ၅၅ | ၄၆ | ၁၀၁ |
| ၉ | ကွာခီး | ၇၈ | ၁၇၅ | ၁၆၃ | ၃၃၈ |
| ၁၀ | ဘူးခို | ၁၀၅ | ၂၄၉ | ၂၅၀ | ၄၉၉ |
| ၁၁ | လယ်ပို | ၁၃ | ၂၆ | ၂၂ | ၄၈ |
| ၁၂ | ကွာဆာခီး | ၂၆ | ၆၆ | ၆၆ | ၁၃၂ |
| ၁၃ | ရှိုးလို | ၄ | ၉ | ၁၁ | ၂၀ |
| ၁၄ | ဖွာဒို | ၇ | ၁၅ | ၂၁ | ၃၆ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

လယ်ပိုကျေးရွာသည် ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဖါးဆောင်းမြို့နယ်၊ ကွာခီးကျေးရွာအုပ်စုဝင် ကျေးရွာတစ်ရွာဖြစ်ပါသည်။ လယ်ပိုကျေးရွာသည် ဖါးဆောင်းမြို့၏အနောက် မြောင်ဘက်(၅၂)မိုင်အကွာတွင် တည်ရှိပြီး ဒုတိယကမ္ဘာစစ် မတိုင်ခင်ကတည်းက တည်ရှိခဲ့သောရွာဖြစ်ပါသည်။ ယင်းကျေးရွာတွင် ကရင်လူမျိုး များသာ နေထိုင်ပြီး ခရစ္စယာန်ဘာသာအား အစဉ်အဆက်ယုံကြည်ကိုးကွယ်လာကြပါသည်။ လက်ရှိအိမ်ခြေပေါင်း (၁၉) လုံး ရှိသော်လည်းအိမ်ထောင်စုပေါင်း(၁၃)စုရှိကာ လူဦးရေအားဖြင့် ကျား(၂၆)ဦး၊ မ(၂၂)ဦး၊ စုစုပေါင်း (၄၈)ဦးဖြင့် နေထိုင်ကြပါသည်။

လယ်ပိုကျေးရွာနေထိုင်သူများသည် တောင်ယာလုပ်ငန်း၊ ဖာလာစိုက်ခြင်း နှင့် အမဲလိုက်ခြင်းလုပ်ငန်းအား အဓိကလုပ်ကိုင် စားသောက်ကြပါသည်။


## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးအရင်းအမြစ်ပြမြေပုံ | ၈.၃.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၄ | ၃ | ၇ | ကျေးရွာအတွင်းရှိအရင်းအမြစ်များတွင် ခန်းမဆောင်၊ ကျေးရွာဘောလုံးကွင်းမရှိခြင်း၊ ကျေး ရွာ ပတ်ဝန်းကျင် မှအရင်း အမြစ်များရှား ပါးလာ ခြင်း၊ လယ်ယာ စိုက်ပျိုးရေး သာမှီခို လုပ်ကိုင် နေရခြင်း။ |
| ၂ | ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ် ခြင်း | ၈.၃.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၄ | ၃ | ၇ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ပိုင်ဆိုင် မှု စံနှုန်း များသတ်မှတ်ကာစံနှုန်းအပေါ် အခြေ ခံပြီး လူနေမှု အဆင့်အတန်းများ သတ်မှတ် ခြင်း။ |
| ၃ | ကျား-မ ရေးရာ ကဏ္ဍ # ၁ ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၈.၃.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၄ | ၃ | ၇ | ကျေးရွာနယ်နမိတ်အတွင်းရှိ သဘာဝအရင်း အမြစ် များအပေါ် အမျိုးသမီးများ နှင့်အမျိုး သားများ၏ သုံးစွဲမှုနှင့် ထိန်းချုပ်မှုများ အား ဖော် ထုတ်ခြင်း |
| ၄ | ကျား-မရေးရာ ကဏ္ဍ# ၂ (ပင့်ကူအိမ်) | ၈.၃.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၈ | ၃ | ၁၁ | အမျိုးသား၊ အမျိုးသမီးများ၏ ရရှိသောအခွင့် အရေးများအား နှိုင်း ယှဉ်ပြီးမှတ်တမ်းတင်ခြင်း။ |
| ၅ | ရာသီခွင်ပြပြက္ခဒိန် | ၈.၃.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၄ | ၃ | ၇ | ကျေးရွာအတွင်းရှိမိသားစုများ၏ ရာသီအ လိုက် ဆောင်ရွက်သော လုပ်ငန်းများ၊ဝင်ငွေ၊ ထွက်ငွေ၊ပွဲလန်းသဘင်များ၊ ရိုးရာဓလေ့များ၊ နှင့် အားလပ်မည့်ရာသီများအားဖော် ထုတ် ခြင်း။ |
| ၆ | အဖွဲ့အစည်းများချိတ်ဆက်မှုပြဇင်းပုံစံ | ၈.၃.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၄ | ၃ | ၇ | ကျေးရွာအတွင်းနှင့်ပြင်ပရှိအဖွဲ့အစည်းများ၏ ချိတ်ဆက်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ နှင့် အကျိုး ဆက်များအားဖော်ထုတ်ခြင်း။ |

**မှတ်ချက်။ ။လူမှုဆန်းစစ်ခြင်းအား အမျိုးသား (၈)ဦးနှင့် အမျိုးသမီး (၆)ဦး တို့ဖြင့် ဆွေးနွေးဖေါ်ထုတ်ခဲ့ပါသည်။**

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (က) လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ



လယ်ပိုကျေးရွာသည်ကယားပြည်နယ်၊ ဖါးဆောင်းမြို့နယ်ကွာခီးကျေးရွာအုပ်စု၊ဖားဆောင်းမြို့၏ အနောက်မြောက်ဘက်တွင်တည်ရှိပါသည်။ လက်ရှိအိမ်ခြေသည်(၁၉) အိမ်ရှိသော်လည်းအိမ်ထောင်စုမှာ (၁၃)စုရှိပြီးအမျိုးသားဦးရေ(၂၆)ဦး၊ အမျိုးသမီးဦးရေ(၂၂)ဦး စုစုပေါင်းလူဦးရေ (၄၈)ဦး ရှိပါသည်။ အစဉ်အဆက် ကရင်လူမျိုးများ နေထိုင်ကာ ခရစ္စယာန်ဘာသာအား သက်ဝင်ယုံကြည်ကြပါသည်။ လယ်ပိုကျေးရွာသည် ဖါးဆောင်းမြို့ နှင့်(၅၂)မိုင်ဝေးသည့်အပြင်တောင်တန်းတွေကြားတွင် ကျေးရွာတည်သောကြောင့် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး နှင့် ပညာရေးတွင် ဖွံ့ဖြိုးမှု နောက်ကျနေပါသည်။


လယ်ပိုကျေးရွာသည် တောင်ထိပ်တွင်တည်ရှိပြီး ပတ်ဝန်းကျင်တောင်တန်းပေါ်တွင် ကျေးရွာပိုင်သဘာဝအရင်းအမြစ်ဖြစ်သော သစ်မာများ၊ ဝါးရုံ ၊ ကျောက်များ၊ ဖာလာခြံများ ၊ တောင်ယာများရှိပြီးရွာ၏ အနောက်ဘက်တွင်ချောင်းများရှိပါသည်။ သို့သော် လွန်ခဲ့သော(၅)နှစ်နှင့် ယှဉ်လျှင်သစ်မာနှင့်ရေများသည် လျော့နည်းလာခြင်းနှင့်နယ်မြေအခြေအနေ မတည်ငြိမ်ခြင်းတို့ကြောင့် လယ်ပိုကျေးရွာသူ/သားများသည် နေအိမ်များအား ဝါးဖြစ်သာ

ဆောက်လုပ်ထားသည့်အပြင် ဖာလာစိုက်ခြင်း ၊ တောင်ယာစပါးစိုက်ပျိုးခြင်း နှင့် အမဲလိုက်ခြင်း ကိုသာအမှီပြု၍ လုပ်ကိုင်စားသောက်နေကြပါသည်။

အဓိကလမ်းပန်းဆက်သွယ်ရေးအနေဖြင့် လယ်ပို-မော်ချီးလမ်း နှင့် လယ်ပို-ဘောကလိဆိုင်ကယ်မြေသား လမ်းအားအသုံးပြုကြပါသည်။ မော်ချီး နှင့်ဘောကလိသို့သွားရာတွင် နွေရာသီ၌ ဆိုင်ကယ်ဖြင့် သွားလာရ သော်လည်း မိုးရာသီတွင် ခြေလျင်ဖြင့်သာ သွားလာရပါသည်။ လယ်ပိုမှဘူးခို-အောင်မြင်ကုန်းလမ်းအထိသည် ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားသော လမ်းဖြစ်၍ အတက်အဆင်းများခြင်း လမ်းကျဉ်းခြင်းတို့ကြောင့် သွားလာရ ခက်ခဲသည့်အပြင် မော်ချီးနှင့်ဘောကလိသို့ ခြေလျင်ဖြင့် သွားလာရာတွင် အသွား(၁)ရက်ခရီးနှင့် အပြန်(၁)ရက် ခရီးရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးတွင်ခက်ခဲပါသည်။

ကျေးရွာအများပိုင်အဆောက်အဦးများမှာ ဘုရားကျောင်းနှင့်ဘော်လီဘောသာဖြင့်ပါသည်။ သောက်သုံးရေ အတွက်ပိုက်အသေးဖြင့်ကိုယ်ထူကိုယ်ထသွယ်ထားသောကြောင့်သောက်သုံးရေအတွက်အဆင်မပြေခဲ့ပါ။ လယ်ပို ကျေးရွာတွင်ဆေးပေးခန်းမရှိသောကြောင့် ဖျားနာလာလျှင် မော်ချီး၊ ဖါးဆောင်း ဆေးခန်း၊ ဆေးရုံသို့ သွား ရောက်ကုသရပါသည်။ ပညာရေးအပိုင်းတွင်လည်း ဆရာမအား ကိုယ်ထူကိုယ်ထ ငှားကာ ဘုရားကျောင်းတွင် စာသင်ကြားစေပါသည်။ ထို့အပြင်ကိုယ်ထူကိုယ်ထ ကျောင်းမှအောင်မြင်သော ကလေးများအား အစိုးရကျောင်း များမှ အသိအမှတ်မပြုခြင်းကြောင့် မူလတန်းပြီးပါက ကလေးများ၏ ပညာရေးမှာ ဆုံးခန်းတိုင်သွားရသည်က များပါသည်။ ကျေးရွာလူထုအတွက် ကျေးရွာပိုင်ဘောလုံးကွင်းဟူ၍ မရှိပဲ ဘော်လီဘောကွင်း တစ်မျိုးတည်းသာ ရှိသဖြင့် ဘော်လီဘောအားကစားတစ်မျိုးတည်းသာ ကစားခဲ့ရပြီး ကျောင်းနေအရွယ် ကလေးများအတွက်မူ ကစားကွင်းမရှိသဖြင့် အားကစား မလုပ်ရပါ။

## (ခ)ဥစ္စာဓနကြွယ်ဝမှု အဆင့်သုံးသပ်ခြင်း





ရက်စွဲ- ၈.၃.၂၀၁၇ ဥစ္စာဓနကြွယ်ဝမှုဇယား ကျေးရွာ- လယ်ပို

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ပြေလည် | ယာခင်းကျယ်၊ ဖာလာခြံ၊ ဆိုင်ကယ်၊ နွား၊ ဝက်၊ ကြက်၊ ခွေး၊ အိမ်ကြီး | ၄ | ၃၀.၈ |
| နွမ်းပါး | ယာခင်းငယ်၊ ဆိုင်ကယ်၊ ဖာလာလာခြံငယ်၊ ဝက်၊ ကြက်၊ အိမ်ငယ် | ၉ | ၆၉.၂ |
| | | ၁၃ | ၁၀၀% |

ဥစ္စာဓနကြွယ်ဝမှု သုံးသပ်ရာတွင် လယ်ပိုကျေးရွာသည် လွန်ခဲ့သော(၅)နှစ် မတိုင်ခင်ကတည်းက လွတ်လပ်စွာ သွားလာခွင့်မရှိခြင်း၊ လွတ်လပ်စွာပညာသင်ကြားခွင့် မရှိခြင်းတို့ကြောင့် ချမ်းသာအဆင့်ဟူ၍မရှိခဲ့ပေ။ ပြေလည် အဆင့် နှင့် နွမ်းပါးအဆင့် ဟူ၍အဆင့်(၂)ဆင့်သာရှိပါသည်။ ၎င်းကျေးရွာတွင် ပြေလည် အဆင့်(၄) အိမ်နှင့် နွမ်းပါးအဆင့်(၉)အိမ် ရှိပါသည်။ ပြေလည်အဆင့်တွင် တောင်ယာကျယ်၊ ဖါလာခြံကျယ်၊ ကျွဲ၊ နွား၊ ဆိုင်ကယ်များ ရှိခြင်း၊ အိမ်ကြီးများပိုင်ဆိုင်ခြင်းနှင့် နွမ်းပါးအဆင့်တွင် တောင်ယာအနည်းငယ်၊ ဆိုင်ကယ်၊ ဖာလာခြံအနည်းငယ်၊ ဝက်၊ ကြက်များရှိခြင်းနှင့် တဲအိမ်တွင်သာနေရခြင်း ဟူ၍သတ်မှတ်ခဲ့ကြပါသည်။ လယ်ပို ကျေးရွာနေပြေလည် အဆင့်(၄)အိမ်သည် လွန်ခဲ့သော(၅)နှစ်အတွင်း မိမိဘာသာတိုးတက် ပြောင်းလဲလာသူများ ဖြစ်သည်။ မိရိုးဖလာစိုက်ပျိုးလာသော တောင်ယာစပါးအစား ဖါလာပင်အား ပြောင်းလဲစိုက်ပျိုးလာခြင်း အရင်းအနှီး အား အသုံးချကာဆိုင်ကယ်များ ဝယ်ယူပြီးကယ်ရီဆွဲခြင်းဖြင့် တိုးတက်ပြောင်းလာကြပါသည်။ နွမ်းပါးအဆင့် နေသူများသည် အရင်းအနှီးမရှိခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်း၊ နေ့စဉ်အလုပ်အကိုင် ပုံမှန်မရှိ၍ ပုံမှန်ဝင်ငွေမရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း မရှိခြင်း၊ ဖာလာခြံအတွက် မြေနေရာမရှိခြင်း၊ အသိပညာဗဟုသုတ နည်းပါးခြင်းနှင့် ဒေသထွက်ကုန်အတွက် ဈေးကွက် မရှိခြင်း တို့ကြောင့် နွမ်းပါးရခြင်း ဖြစ်သည်။

## (ဂ)ကျား-မရေးရာ ကဏ္ဍ # ၁ (ပိုင်ဆိုင်မှု သုံးသပ်ခြင်း)





လယ်ပိုကျေးရွာနေထိုင်သူများသည် အရင်းအမြစ်များအားသုံးစွဲရာတွင် ပို၍ခက်ခဲသော၊ ပို၍အန္တရာယ်ရှိသော အရင်းအမြစ်များအား အမျိုးသားများမှပိုမိုသုံးစွဲပြီး၊ အိမ်တွင်းအရင်းအမြစ်များအားအမျိုးသမီးများမှ ပိုမိုသုံးစွဲခဲ့ပါသည်။ အမျိုးသားများပို၍သုံးစွဲသော အရင်းအမြစ်များမှာ တောတိရိစ္ဆာန်၊ သစ်တော၊ ဆိုင်ကယ် များဖြစ်ပြီး အမျိုးသမီးများပို၍သုံးစွဲသော အရင်းအမြစ်များမှာ ဝက်၊ ကြက်၊ နွားနှင့်အိမ်တွင်းသုံး ပစ္စည်းများအားပိုမို သုံးစွဲကြပါသည်။ တောင်ယာ နှင့်ဖါလာတောကဲ့သို့သော အရင်းအမြစ်များအား အမျိုးသားရောအမျိုးသမီးပါ အတူသုံးစွဲကြပါသည်။

အရင်းအမြစ်ထိမ်းချုပ်ရာတွင်လည်း အမျိုးသားများသာ ပို၍ထိန်းချုပ်ခဲ့ပါသည်။ အမျိုးသမီးများအနေဖြင့် အိမ်တွင်းသုံး အရင်းအမြစ်များသာ ထိန်းချုပ်မှုရှိပါသည်။ သို့သော် နွား၊ ဝက်၊ တောင်ယာ၊ ဖါလာခြံတို့အား အမျိုးသမီးနှင့်အမျိုးသားများ တန်းတူထိန်းချုပ်ခဲ့ပါသည်။

ထို့ကြောင့် လယ်ပိုကျေးရွာနေထိုင်သူ အမျိုးသားနှင့် အမျိုးသမီးများသည် အရင်းအမြစ်များအားထိန်းချုပ်မှုနှင့်သုံးစွဲမှုတွင်မတူညီပဲ အမျိုးသားများသာပိုများခဲ့ပါသည်။ ဤသို့ဖြစ်ရခြင်းမှာ အမျိုးသားများသည် အမျိုးသမီးများအပေါ် နားလည်ပေးနိုင်မှုမရှိခြင်း၊ အမျိုးသမီးများကိုယ်တိုင်လည်း အခွင့်အရေးမသိရှိခြင်း၊ အသိပညာနည်းပါးခြင်း၊ အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းတို့ကြောင့်ဖြစ်သည်။

## (ဃ)ကျား-မအခန်းကဏ္ဍ # ၂ (ပင့်ကူအိမ်ပုံစံ)




ကျား၊ မရေးရာသုံးသပ်ချက် (ပင့်ကူအိမ်သုံးသပ်ချက်) အားအမျိုးသမီး(၄)ဦးနှင့် အမျိုးသား(၉)ဦး ဖြင့် (၂)ဖွဲ့ ခွဲ၍ဖော်ထုတ်ရာမှ အောက်ပါအချက်များရရှိခဲ့ပါသည်။

(၁) အိမ်မှုကိစ္စ (၂) ဝင်ငွေရရှိမှု (၃) ကျန်းမာရေးစောင့်ရှောက်ခွင့် (၄) ပညာရေးလက်လှမ်းမီမှု (၅) ဦးဆောင်မှု (၆) အလုပ်အကိုင်အခွင့်အလမ်းနှင့် (၇) လုံခြုံမှုများထွက် ရှိခဲ့ပါသည်။

အထက်ပါ အချက်အလက်များအား ဆွေးနွေးဖေါ်ထုတ်ရာတွင် အမျိုးသမီးနှင့်အမျိုးသားများ အခွင့်အရေး ကွာဟမှုရှိခဲ့ပါသည်။ ပညာရေးလက်လှမ်းမီမှု၊ ကျန်းမာရေးစောင့်ရှောက်ခွင့်နှင့် အိမ်တွင်းမှုအလုပ်တွင်သာ အမျိုးသမီး ရာနှုန်းပိုများပြီး ကျန်ကိစ္စများတွင်မူ အမျိုးသားများသည် အမျိုးသမီးများထက် ပိုများခဲ့ပါသည်။ လယ်ပိုကျေးရွာတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပညာတတ်မြောက်မှု ပိုများရခြင်းမှာ အမျိုးသား အများစုသည် ပညာရေးတွင် အမျိုးသမီးများလောက် စိတ်ဝင်စားမှုမရှိခြင်းကြောင့်ဖြစ်သည်။ အမျိုးသမီး အများစုသည် အိမ်မှုကိစ္စတွင်သာ အချိန်ပေးလုပ်ဆောင် နေရသောကြောင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိမှုနှင့် ဝင်ငွေရရှိမှုမှာ အမျိုးသားများသာ ပို၍အခွင့်အရေး ရခဲ့ပါသည်။ ကျန်းမာရေးစောင့်ရှောက်ခွင့်တွင် အမျိုးသမီးများ သည်အခွင့်အရေးပိုများသော်လည်း မီးဖွားသောအချိန်တွင်သာ ကျန်းမာရေးစောင့်ရှောက်ခွင့်ပိုရှိခြင်းဖြစ်သည်။ ဦးဆောင်မှုနှင့်လုံခြုံမှုတွင် အမျိုးသားများသာရာခိုင်နှုန်းပိုများပါ သည်။

အကြောင်းရင်းမှာရှေးရိုးစွဲရှိနေသေးခြင်း၊ ထုံးတမ်းစဉ်လာအားမလွန်ဆန်နိုင်ခြင်း၊ အမျိုးသမီးများ ကိုယ်တိုင် စွမ်းဆောင်မှုပိုင်းတွင် အမျိုးသားများကဲ့သို့ မကျွမ်းကျင်ဟုယူဆနေခြင်း၊ နည်းပညာများ လက်လှမ်းမမီခြင်း၊ အရင်းအနှီးမရှိခြင်းများကြောင့်ဖြစ်သည်။

## (င)ရာသီခွင်ပြဇယား



လယ်ပိုကျေးရွာနေထိုင်သူများသည် တောင်ယာစပါးစိုက်ပျိုးခြင်းနှင့် ဖါလာစိုက်ခြင်းလုပ်ငန်းအား အဓိက အသက်မွေးဝမ်းကြောင်း လုပ်ငန်း အဖြစ်လုပ်ကိုင်နေရပါသည်။ မေလ၊ ဇွန်လ၊ ဇူလိုင်နှင့် အောက်တိုဘာ၊ နိုဝင်ဘာလ တို့တွင် လူတန်းစားမရွေး အားလပ်ရက်မရှိ အလုပ်များပြီး ဇန်နဝါရီလ၊ ဖေဖေါ်ဝါရီလနှင့် စက်တင်ဘာတွင် အသင့်အတင့် အလုပ်များကာ မတ်လ၊ ဧပြီလနှင့် ဒီဇင်ဘာလတို့တွင် အလုပ်ပါးသောကြောင့် အားလပ်ပါသည်။ လုပ်ငန်းများ တစ်နှစ်ပတ်လုံးနီးပါး အလုပ်လုပ်သော်လည်း ဝင်ငွေများသောလမှာ နိုဝင်ဘာလနှင့်ဒီဇင်ဘာလတွင် ဖါလာ ရောင်းပြီး ဝင်ငွေရရှိခဲ့ပါသည်။ တစ်နှစ်လျှင် ပျမ်းမျှ အားဖြင့် ဝင်ငွေ (၆)သိန်း နှင့် (၇)သိန်း ဝန်းကျင် တွင်သာရရှိပြီး ထွက်ငွေတွင်မူ အနည်းအများသာ ကွာခြားပြီးတစ်ဆယ့်နှစ်ရာသီလုံးရှိသောကြောင့် လုံလောက်မှု မရှိခဲ့ပါ။ ဆန်စပါးကိုမူ စားသုံးရန် လုံလောက် ရုံသာစိုက်ပျိုးကြသည်။

လယ်ပိုကျေးရွာရှိ မိသားစုများသည် ခရစ်ယာန်ဘာသာ ကိုးကွယ်သက်ဝင်သူများ ဖြစ်သည့်အားလျော်စွာ ခရစ်ယာန်ဘာသာ ရိုးရာပွဲတော်များဖြစ်သော ခရစ္စမတ်ပွဲတော်အား ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်ကြသည်။ ဇန်နဝါရီလနှင့်ဖေဖေါ်ဝါရီလတွင် မင်္ဂလာဆောင်ပွဲများ ကျင်းပကြပါသည်။ မတ်လနှင့်ဧပြီလတွင် ခရစ်ယာန်တို့၏နှစ်စဉ် ကျင်းပနေသော နှစ်ပတ်လည်အစည်းအဝေးပွဲအား ကျင်းပကြပါသည်။

ရာသီဥတုအနေဖြင့် လယ်ပိုကျေးရွာသည် အအေးပိုင်းဒေသဖြစ်သည့်အတွက် (၃)လသာပူပြီး၊ (၅)လအထိ မိုးရွာကာ၊ (၄)လ သည် ဆောင်းရာသီဖြစ်ပါသည်။ ရွာတွင်းလမ်းသည် နွေရာသီတွင် ဖုံများထကာ မိုးရာသီတွင် ဗွက်များထပြီး လမ်းများအလွန်လျှော်သဖြင့် သွားလာရခက်ခဲပါသည်။ သောက်သုံးရေကို ကိုယ်ထူကိုယ်ထ ရေပိုက်လိုင်း သွယ်ထားသဖြင့် မတ်လ၊ ဧပြီလ နှင့်မေလတွင် ရေနည်းလာသောကြောင့် လုံလောက်မှုမရှိပါ။ သဘာဝဘေး အနေဖြင့် မတ်လနှင့်ဧပြီလတွင် တောမီးဘေးနှင့်ကြုံတွေ့နေရပါသည်။


## (စ) အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်နှင့် ဗင်းကားချပ်





လယ်ပိုကျေးရွာတွင် ကျေးရွာအတွင်း ဖွဲ့စည်းထားသောအဖွဲ့အစည်းပေါင်း (၄)ဖွဲ့ရှိပြီးပြင်ပမှလာသော အဖွဲ့အစည်းမှာ IOM (၁)ဖွဲ့သာ ရှိပါသည်။ ကျေးရွာတွင်ဖွဲ့စည်းထားသောအဖွဲ့မှာ ဘာသာရေး၊ အုပ်ချုပ်ရေးအဖွဲ့၊ လူငယ်အဖွဲ့နှင့် အမျိုးသမီးအဖွဲ့များဖြစ်ပြီး လူမှုရေးလုပ်ငန်းနှင့် ဘာသာရေးလုပ်ငန်းများအား အတူတကွပူးပေါင်း လုပ်ဆောင်ကြပါသည်။ ပြင်ပမှလာသော IOM အဖွဲ့သည် ကျန်းမာရေးလုပ်ငန်းများအား ဝင်ရောက်လုပ်ကိုင်ပေး ပါသည်။။ ကျေးရွာမှဖွဲ့စည်းထားသော အဖွဲ့အစည်းများအနက် အုပ်ချုပ်ရေးအဖွဲ့သည် အမျိုးသမီးများ ပါဝင်မှုမရှိပဲ ကျန်အဖွဲ့တွင် အမျိုးသမီး များပါဝင် ဆောင်ရွက်ခဲ့ပါသည်။ ပြင်ပမှလာ သောအဖွဲ့အစည်းများသည် အုပ်ချုပ်ရေး အဖွဲ့မှတဆင့် ချိတ်ဆက်ဝင်ရောက်ခဲ့ပါသည်။ ကျေးရွာအဖွဲ့တွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာလူထုအား အလွှမ်းမိုးဆုံး ဖြစ်သည်။

လယ်ပိုကျေးရွာတွင် လူမှုရေး၊ ဖွံ့ဖြိုးရေးအသင်းအဖွဲ့များ ဝင်ရောက်မှုနည်းပါးသောကြောင့် ကျေးရွာဖွံ့ဖြိုး တွင်နောက်ကျမှုလည်းဖြစ်လာနိုင်ပါသည်။

## (ဆ) အခက်အခဲများနှင့်ပြဿနာများ







လယ်ပိုကျေးရွာသည် တောင်ပေါ်ကျေးရွာဖြင့်သောကြောင့် လမ်းပန်းဆက်သွယ်ရေးတွင် အခက်ခဲဆုံးဖြစ်သည့်အပြင် သောက်သုံးရေရရှိရေးသည်လည်း အခက်ခဲဆုံးဖြစ်သည်။ နယ်စပ်ကျေးရွာဖြစ်ခြင်း၊ မြို့နှင့်ဝေးကွာခြင်း ပညာရေးတွင် လက်လမ်းမမှီခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်းတို့ကြောင့် ဖွံ့ဖြိုးမှု နောက်ကျခဲ့ရပါသည်။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသောကြောင့် စားဝတ်နေရေးတွင် အခက်အခဲနှင့်ကြုံတွေ့နေရပါသည်။ စား ဝတ်နေရေးအဆင်မပြေခြင်း၊ ကျေးရွာဆေးပေးခန်းမရှိခြင်းနှင့် စာသင်ကျောင်းမရှိခြင်းတို့ကြောင့် ကလေးများ၏ ပညာရေးအပြင်၊ ကျန်းမာရေးပြဿာနာများ နှင့်ကြုံတွေ့လာလျှင် မထောက်ပံ့နိုင်ပဲလစ်လျူရှုခဲ့ရပါသည်။ သောက်သုံးရေသည် ကျေးရွာအထိရောက်ရှိသော်လည်း ပိုက်အသေးဖြင့် ကိုယ်ထူကိုယ်ထ သွယ်ယူထားသောကြောင့် လုံလောက်မှုမရှိပဲ အချိန်ပေးပြီး စောင့်ခပ်နေရသော အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။ တောင်ကျချောင်းရေအား အသုံးပြုနေရသောကြောင့် နွေရာသီတွင်ရေနည်းလာခြင်း၊ မိုးရာသီတွင် တောင်ကျရေကြောင့် ရေများညစ်ညမ်းသဖြင့် ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားခြင်း ပြဿနာအား ကြုံတွေ့နေရပါသည်။

လမ်းပန်းဆက်သွယ်ရေးတွင် လယ်ပိုကျေးရွာသည် မော်ချီးမြို့နှင့် (၃၀)မိုင်ကွာဝေးခြင်း၊ မြေသားဆိုင်ကယ်လမ်းသာရှိခြင်း၊ မြေသား-ဆိုင်ကယ်လမ်းသည် အတက်-အဆင်းကြီးခြင်းတို့ကြောင့် မိုးရာသီတွင် သွားလာရခက်ခဲပါသည်။ ကျေးရွာတွင် မီးမရသောကြောင့် ညအချိန်သွားလာရန်အတွက်ခက်ခဲခြင်းနှင့် ညအချိန်တွင် သာရေး၊ နာရေး နှင့်ကြုံတွေ့လာလျှင် အခက်အခဲရှိပါသည်။

## (ဈ) မျှော်မှန်းချက်








လယ်ပိုကျေးရွာသူ/သားများသည် မိမိတို့ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းအားလာရောက်လုပ်ကိုင်ပေးသော လူမှုရေးအသင်းအဖွဲ့များမရှိသဖြင့် အသင်းအဖွဲ့များအားအမြဲမျှော်လင့်နေသူများဖြစ်ကြပါသည်။ သို့ဖြစ်ပါ၍ လူထုဗဟိုပြုစီမံကိန်းမှအကောင်အထည်ဖော်မည့် (၄)နှစ်စီမံကိန်းအပေါ်လည်းမျှော်လင့်ချက်များရှိခဲ့ပါသည်။

လူထုဗဟိုပြုစီမံကိန်းမှအကောင်အထည်ဖေါ်သော စီမံကိန်း(၄)နှစ်ပြီးလျှင် အမျိုးသားများအနေဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမည်၊ စာသင်ကျောင်း၊ ဆေးခန်း၊ မီးများရရှိလာမည်၊ သောက်သုံးရေလည်းလုံလောက်စွာ ရရှိလာမည်ဟု မျှော်လင့်နေကြပါသည်။ အမျိုးသမီးများ အနေဖြင့် လမ်းပန်းဆက်သွယ်ရေး၊ စားဝတ်နေရေး နှင့်အလုပ်အကိုင်အခွင့်အရေး ကောင်းမွန်လာစေရန် မျှော်လင့်နေပါသည်။ ထို့အပြင် သောက်သုံးရေ၊ ဆိုလာမီး၊ ဆေးခန်း၊ ခန်းမဆောင်များ ရရှိရန်မျှော်လင့်နေကြပါသည်။

ထို့ကြောင့် လယ်ပိုကျေးရွာသူ/သားများသည် ကျေးရွာဖွံ့ ဖြိုးရေးအတွက် လိုအပ်ချက်များအားအစဉ်အမြဲမျှော်လင့်သူများဖြစ်ပါသည်။

## (ဈ) ဦးစားပေးလုပ်ငန်းများရွေးချယ်ဆုံးဖြတ်ခြင်း




လယ်ပိုကျေးရွာတွင် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်အတွက်မျိုးသား နှင့် အမျိုးသမီး နှစ်ဖွဲ့ခွဲပြီးဆွေးနွေးဖေါ်ထုတ်ခဲ့ပါသည်။ ၄င်းဖော်ထုတ်ထားသော လုပ်ငန်းများအားလုံးသည် အမျိုးသားနှင့် အမျိုးသမီး တူညီနေခဲ့ပါသည်။ သို့သော် လူထုဗဟိုပြုစီမံကိန်းနှင့် အကျုံးဝင်သော လုပ်ငန်းစီမံချက် (၆) ခုရှိပြီး အကျုံးမဝင် သောလုပ်ငန်း စီမံချက် (၁) ခုလည်း ရှိပါသည်။ ထိုသို့တင်ပြတောင်းဆိုထားရာတွင် အကျုံးမဝင်သော လုပ်ငန်းမှာ အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်ပေးခြင်းဖြစ်ပြီး ကျန်အားလုံးသည် စီမံကိန်း (၄)နှစ်လုံးတွင် အကျုံးဝင်ခဲ့ပါသည်။ အကျုံးဝင်သော လုပ်ငန်း(၆)ခုအနက် ရွာချင်းဆက်လမ်း ပြုလုပ်ခြင်းနှင့် ရေပိုက်လိုင်း သွယ်ယူခြင်းသည် ပြုပြင်တိုးချဲ့ရန်လိုအပ်သောလုပ်ငန်းများဖြစ်ပြီး ကျန်(၄)ခုသည် လုပ်ငန်းအသစ်များဖြစ်ပါသည်။

အလုပ်အကိုင်အခွင့်အလမ် းဖော်ဆောင်ပေးခြင်းသည် စီမံကိန်း(၄)နှစ်စလုံးအတွက် အကျုံးမဝင် သော်လည်း ရွာအတွက်အရေးကြီးသော လုပ်ငန်းတစ်ခုဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းမရှိသဖြင့် ဝင်ငွေမရှိ၊ ဝင်ငွေ မရှိခြင်းကြောင့် ဖွံ့ဖြိုးမှုမရှိခြင်းပင်ဖြစ်သည်။

ကျေးရွာလူထုမှတင်ပြတောင်းဆိုသောလုပ်ငန်းများအား ဦးစားပေးအဆင့်သတ်မှတ်သောအခါပါဝင်တက်ရောက်လာသူများသည် ပထမဦးစားပေး(၁)လယ်ပို-ကွာခီးလမ်းပြုပြင်ရန် ၊ဦးစားပေး(၂) ရေပိုက်နှင့် ရေလှောင်ကန် ၊ရေစစ်ကန်ပြုပြင်တိုးချဲ့ခြင်း၊ ဦးစားပေး(၃)ကျေးရွာခန်းမဆောက်တည်ဆောက်ခြင်း၊ (၄)စာသင်ကျောင်းတည်ဆောက်ခြင်း၊ ဦးစားပေး(၅)ဆိုလာမီးရရှိရေး၊ ဦးစားပေး(၆)ကျေးရွာဆေးပေးခန်းဆောက်ခြင်းနှင့်ဦးစားပေး( ၇)အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ပေးခြင်း စသည်များ သတ်မှတ်ကြပါသည်။

## ၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ






လယ်ပိုကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

**ကော်မတီများစာရင်း**

| **စဉ်** | **အမည်** | **ရာထူး(ကျေးရွာအဆင့်)** | **ရာထူး(အုပ်စုအဆင့်)** |
|---|---|---|---|
| ၁ | စောခရီးဆဲထူး | ကျေးရွာစီထောက်ကော်မတီ- ဉက္ကဌ | |
| ၂ | နော်ဂျဲမူးဖော | ကျေးရွာစီထောက်ကော်မတီ- ဉက္ကဌ | |
| ၃ | နော်မူးထူး | ငွေစာရင်းကိုင် | |
| ၄ | စောအာဘီ | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၅ | နော်ဂရီရှာဖော | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၆ | စောလားဘယ်ထူး | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၇ | နော်ဆာဝေါဒို | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၈ | စောဝါးရှည် | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၉ | နော်မူးထူး | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၁၀ | စောလူးဆည် | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီ | |
| ၁၁ | နော်မူသဲဖော | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီ | |
| ၁၂ | စောလှမေဖေါ | စေတနာ့ဝန်ထမ်း | |
| ၁၃ | နော်လေးလေးဝါး | စေတနာ့ဝန်ထမ်း | |

## ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင် အမည် ဦးစောထယ်ဝါ | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် ဦးနိုင်ငံဦး၊ ဒေါ်ပွားယောဒ်ဂိုး | |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် ဖားဆောင် | ကျေးရွာအုပ်စု ကွာနီ | ကျေးရွာ လယ်ပို |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ကရင် | ၁၃ | ဘာသာ (၁) ခရစ်ယာန် | ၁၃ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃ | ခရစ်ယာန် | ၃ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ကရင် | ၂၆ | ၂၂ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၂ | ၁ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☑ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

**(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)**

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွ မှလာသ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

**(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)**

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | ✓ မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | ✓ မြေသားလမ်း | လူသွားလမ်း | အခြား __________ |

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်**

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ပဟိုမှ ၎င်းကျေးရွာအုပ်စု၏ပဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၆ ---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုပဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------

ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ ခြေလျင် ဆိုင်ကယ်

အခြား --၁:၀၀ / ၄၀မိနစ်

မိုးရာသီတွင်ကြာချိန်---------------------------

ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား --- ၃:၀၀ / ၃:၀၀

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုပဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -----------------------------------

(၂) ----------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [signature] နေ့စွဲ ၈.၃.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [signature] နေ့စွဲ ၈.၃.၂၀၁၇

# ၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)

ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| ***လမ်းညွှန်ချက်။*** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible] | | | |
| နေ့စွဲ ၉.၃.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖား·ဆောင်း | ကျေးရွာအုပ်စု ကျော်ဒို | ကျေးရွာ လယ်ပို |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၈.၃.၂၀၁၇ | ၈.၃.၂၀၁၇ | ၈ | ၆ | ၁၃ | ၁၄ | ကချင် |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၉.၃.၂၀၁၇ | ၉.၃.၂၀၁၇ | ၇ | ၆ | ၁၃ | ၁၃ | ကချင် |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၆.၃.၂၀၁၇ | ၁၆.၃.၂၀၁၇ | ၃ | ၂ | ၅ | ၅ | ကချင် |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း | | | | | | | |

# ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

ပုံစံ - ၈ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် | [illegible] ၊ [illegible] | | |
| နေ့စွဲ ၇.၃.၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား၊ | ဖာဆောင်း မြို့နယ် | ကျေးရွာအုပ်စု [illegible] ၊ | ကျေးရွာ လယ်ပို |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | လျှပ်စစ်မီး မရရှိခြင်း | ၁ | လျှပ်စစ်မီး မရရှိခြင်း |
| ၂ | ကလေးကစားကွင်း ကွင်းကလယ် မရှိခြင်း | ၂ | ကလေးကစားကွင်း ကွင်းကလယ် မရှိခြင်း |
| ~~၃~~ | ~~ကုလားကျောင်း အတွက် မီးလမ်း မရှိခြင်း~~ | ၃ | ကုလားကျောင်း အတွက် မီး မရှိ [illegible] |
| ~~၄~~၃ | ဆေးဝါးများ၊ ဝန်ဆောင်မှုများ ပြည့်စုံသော | ၄ | ဆေးဝါးများ၊ ဝန်ဆောင်မှုများ ပြည့်စုံသော |
| ~~၅~~၄ | ကျေးလက်ဆေးပေးခန်း မရှိခြင်း | ~~၅~~ | ကျေးလက်ဆေးပေးခန်း မရှိခြင်း |
| ၆. | စာသင်ကျောင်း မရှိခြင်း | ၅ | သောက်သုံး ရေမလုံလောက်ခြင်း |
| ၇. | သောက်သုံးရေ မလုံလောက်ခြင်း | ၆. | လမ်းမကောင်းသောကြောင့် လမ်းပန်းဆက်သွယ်ရေး မလွယ်ကူခြင်း |
| ၈. | ကျေးရွာခန်းမ မရှိခြင်း | | |
| ၉. | လမ်းမကောင်းသောကြောင့် လမ်းပန်း ဆက်သွယ်ရေး မလွယ်ကူခြင်း | | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | သောက်သုံးရေ လုံလောက်စွာ ရရှိလာမည် | ၁ | ကလေးကစားကွင်း ကွင်းကလယ် များ ပေါ်ပေါက်လာမည်၊ |
| ၂ | ဆိုလာနှင့် ဘက်ထရီ မီး ရရှိလာမည် | ၂ | သောက်သုံးရေ လုံလောက်စွာ ရရှိလာမည် |
| ၃ | ဝန်ဆောင်မှုနှင့် ဆေးဝါးများ ပြည့်စုံသောဆေး | ၃ | ခန်းမဆောင် ရှိလာမည် |
| ၄ | ပေးခန်း ရှိလာမည်။ | ၄ | ဆိုလာနှင့် ဘက်ထရီ မီး ရရှိလာမည်။ |
| ၅ | လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်လာမည် | ၅ | ဝန်ဆောင်မှုနှင့် ဆေးဝါးများ ပြည့်စုံသော ဆေးပေးခန်း ရှိလာမည်။ |
| ၆ | မူလတန်း ကျောင်းဆောင် ရှိလာမည်။ | ၆ | လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်လာမည် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျေးရွာချင်း ဆက်လမ်း ပြုပြင်ခြင်း | အမျိုးသား + အမျိုးသမီး | | ၄၈ |
| ၂ | ရေစုကန် ပြုပြင်ခြင်း နှင့် ရေပိုက်လိုင်း | | | |
| ၃ | [illegible] ခြင်း | အမျိုးသား + အမျိုးသမီး | | ၄၈ |
| ၄ ၃ | [illegible] ဆောက်လုပ်ခြင်း | အမျိုးသား + အမျိုးသမီး | | ၄၈ |
| ၅ ၄ | ကျောင်းဆောင် တည်ဆောက်ခြင်း | အမျိုးသား + အမျိုးသမီး | | ၄၈ |
| ၅ | ဆိုလာမီး၊ [illegible] | အမျိုးသား + အမျိုးသမီး | | ၄၈ |
| ၆. | ကျေးရွာဆေးပေးခန်း တည်ဆောက်ခြင်း | အမျိုးသား + အမျိုးသမီး | | ၄၈ |
| | | | | |
| | | | | |
| | | | | |


ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၇. | အလုပ်အကိုင် ဖန်တီးပေးခြင်း | အမျိုးသား + အမျိုးသမီး | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် [illegible] နေ့စွဲ ၆.၃.၂၀၁၇

## ၁၁။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)



ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

**လမ်းညွှန်ချက်။** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် [illegible]

နေ့စွဲ - ၂၇ - ၄ - ၁၇


ဝက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☑ဝက်ဝန်း(၁) ☐ဝက်ဝန်း(၂) ☐ဝက်ဝန်း(၃) ☐ဝက်ဝန်း(၄)

ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖားဆောင်း | ကျေးရွာအုပ်စု [illegible]

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ၊ အမည်/အဖွဲ့ | စုစုပေါင်း |
| [illegible] | [illegible] | | | ☐ ကျား ☐ မ ☑ ကျား+မ | ၂၈၈၀၀၀၀၀ | | | ၂၈၈၀၀၀၀၀ |
| | | | | ☐ ကျား ☐ မ ☐ ကျား+မ | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား+မ | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား+မ | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား+မ | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် [illegible] လက်မှတ် [illegible] ရက်စွဲ ၁ . ၅ . ၂၀၁၇

## ၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)



အစည်းအဝေးခေါင်းစဉ် - ပထမအကြိမ်အစည်းအဝေး
ကျေးရွာ - လယ်ပို
ရက်စွဲ - 8.3.2017
ပြုလုပ်သည့်နေရာ - လယ်ပိုဘုရားဒိုဦးကျောင်း
တက်ရောက်သူဦးရေ - ၈+၆ = ပေါင်း

| အချိန် | ဆွေးနွေးသူ | အကြောင်းအရာ |
| --- | --- | --- |
| 7:00 နံ | ဦးစောထွန်းဖော | နော်ယွားဖောခိုခို နှင့် စိုင်းနိုးပိုင်မှ အစည်းအဝေးမိတ်ဆက်သည်။ "ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်မှာစကားပြောကြားသည်။ ဒုရောက်ရှိအဖွဲ့မှာ CDD အဖွဲ့ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်အောင်လာရောက်လုပ်ကိုင်ခြင်းဖြစ်ကြောင်း" ရွာသူ/သားများအား အဖွင့်မှာစကားပြောပါသည်။ |
| 7:10 | စိုင်းနိုးပိုင် | လူထုဗဟိုပြုစီမံကိန်းမိတ်ဆက်အကြောင်း နှင့် လူထုဗဟိုပြုစီမံကိန်း၏ရည်ရွယ်ချက်ကို ရှင်းပြပါသည်။ |
| 7:30 | နော်ယွားဖောခိုခို | 'လူထုဗဟိုပြုစီမံကိန်း' မှာ ၁၁နှစ်အတွင်းလုပ်ဆောင်ရမည့် အကြောင်းအရာများကို စီမံကိန်းစက်ဝန်း အဝိုင်း အပိုင်း (၆) ပိုင်းခွဲပြီး အဆင့် (၁၄) ဆင့် ဖြင့် လုပ်ဆောင် သွားမည်ဖြစ်ကြောင်း ရှင်းပြပါသည်။ |
| 7:50 | နော်ယွားဖောခိုခို | 'လူထုဗဟိုပြုစီမံကိန်း' မှ ကျေးရွာအတွင်း ကော်မတီဖွဲ့စည်းမည်ဖြစ်ကြောင်း ကျေးရွာမှတဆင့် ကျေးရွာအုပ်စုလုံးတွင်ရှိသည့် အုပ်စုကော်မတီဖွဲ့စည်းမည်ဖြစ်ကြောင်း နှင့် ကော်မတီအဖွဲ့ဝင်များ လုပ်ဆောင်ရမည့်တာဝန်နှင့် ဝတ္တရားများကို ရှင်းပြပါသည်။ |
| 8:10 | စိုင်းနိုးပိုင်<br>နော်ယွားဖောခိုခို | ကျေးရွာကော်မတီအဖွဲ့များတွင် ကျေးရွာအတွက် စေတနာဖြင့် လုပ်ဆောင်မည့် စေတနာ့ဝန်ထမ်းကို မဲပေးစနစ်ဖြင့်ရွေးခဲ့ရာ (က) ဦးစောလှမေထူး နှင့် (ခ) နော်ခိုက်လေးလေးဝါးမှ မဲအများဆုံး ဖြင့် ရွေးချယ်ရရှိပါသည်။ |

| အချိန် | ဆွေးနွေးသူ | အကြောင်းအရာ |
| --- | --- | --- |
| 8:30 | နိုင်းနိုးပိုင် | ကျေးရွာ၏ 'လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ' ကို ကျေးရွာသူ/သား တချို့နှင့် flip chard ပေါ်တွင် ရေးဆွဲပြီး ၎င်းကျေးရွာတွင် ရှိသော အရင်းအမြစ်များ၊ အဆောက်အအုံများနှင့် စိုက်ပျိုးသီးနှံများကို ဆွေးနွေးပါသည်။ |
| 8:30 | နော်ယွှားပော်ခိုနိုး | ကျန်ရှိနေသော ရွာသူ/သားများက ကျေးရွာ၏ရာသီအလိုက် ဖြစ်ပေါ်သော ရာသီဥတုများ၊ စိုက်ပျိုးသီးနှံများစသော ကျေးရွာ၏ ရိုးရာဓလေ့များကို သိရှိစေရန် 'ရာသီခွင်ပြ ပြက္ခဒိန်' ကို ဇယား ဆွဲပြီး ဆွေးနွေးချင်းဖြစ်ပါသည်. |
| 9:00 | နိုင်းနိုးပိုင် | ကျေးရွာတွင် နေထိုင်ကြသော မိသားစုများ အဆင့် အတန်း ခွဲခြား သတ်မှတ်များရှိစေရန် 'ဥစ္စာဓန ကြွယ်ဝမှုအဆင့် သတ်မှတ်ခြင်း' ကို ဇယားဖြင့်ရေးဆွဲကာ ကျေးရွာသူ/သားများနှင့်အတူ ဆွေးနွေးပြီး ရေးဆွဲပါသည်။ |
| 9:00 | နော်ယွှားတော်ခိုနိုး | အမျိုးသားများနှင့်အမျိုးသမီးများ ထိန်းချုပ်ထားသော အရာများနှင့် သုံးစွဲမှုများ ကို သိရှိစေရန် 'ပိုင်ဆိုင်မှု သုံးသပ်ခြင်း' ကို ဇယား ဖြင့်ဖော်ပြကာ အမျိုးသားနှင့် အမျိုးသမီး နှင့်အတူ ဆွေးနွေးပြီး ရေးဆွဲပါသည်။ |
| 9:30 | နိုင်းနိုးပိုင် | ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့များကို သိရှိစေရန် နှင့် ကျေးရွာ ပြင်ပ မှ လာရောက်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးသောအဖွဲ့များကို သိရှိစေရန်အတွက် 'ဗင်း' ပုံစံ ဖြင့် ကျေးရွာလူထုနှင့် အတူ ဆွေးနွေးပြီး ရေးဆွဲပါသည်။ |
| 9:30 | နော်ယွှားပော်ခိုနိုး | အမျိုးသမီးများနှင့်အတူ ရရှိသောအခွင့်အရေးများကိုအမျိုးသမီး နှင့် အတူ 'ပင့်ကူအိမ်သုံးသပ်ခြင်း' ပုံဆွဲပြီး ဆွေးနွေးပါသည်။ |
| 10:00 | နော်ယွှားပော်ခိုနိုး | အမျိုးသမီးများနှင့်ဆွေးနွေးထားသော အကြောင်းအရာ များကို အမျိုးသားများနှင့်အတူ 'ပင့်ကူအိမ် သုံးသပ်ခြင်း' ကို ပုံဆွဲပြီး ဆွေးနွေးပါသည်။ |
| 10:30 | နော်ယွှားပော်ခိုနိုး | ပထမအကြိမ်အစည်းအဝေးသို့တက်ရောက်လာသောကျေးရွာလူထု ကျေးဇူးတင်စကားပြောကြားပြီး ဒုတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်ပါကြပြီး အစည်းအဝေးကို ရုပ်သိမ်းပါသည်။ |

အစည်းအဝေးခေါင်းစဉ် - ဒုတိယအကြိမ်အစည်းအဝေး

ကျေးရွာအုပ်စု - ကွာဒီး

ရက်စွဲ - ၉.၃.2017

ပြုလုပ်သည့်နေရာ - လယ်ပိုဘုရားမှိုးဒိုးကျောင်း

တက်ရောက်သူဦးရေ - က + မ = ပေါင်း

| အချိန် | ဆွေးနွေးသူ | အကြောင်းအရာ |
|---|---|---|
| 8:00 (မနက်) | နော်ယွားဟေနိုနို | ပထမအကြိမ်အစည်းအဝေးတွင်ပြုလုပ်ခဲ့သော PRA အားကျေးရွာလူထုအား ပြန်လည် ပြောပြ ရှင်းပြ ပါသည်။ |
| 8:30 | ခိုင်းနီးမိုင် | အမျိုးသားများကြုံတွေ့နေရသော အခက်ခဲပြဿနာများ flip chard ပေါ်တွင် ချပြဆွေးနွေး ပါသည်။ |
| 8:30 | နော်ယွားဟေနိုနို | အမျိုးသမီးကျေးရွာတွင်ရင်ဆိုင်ကြုံတွေ့နေရသော အခက်ခဲပြဿနာများလည်းရှင်းပြပါသည်။ |
| 9:00 | ခိုင်းနီးမိုင် | အမျိုးသားမှ ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်မျှော်မှန်းထားချက်များကိုဆွေးနွေးပါသည်။ |
| 9:00 | နော်ယွားဟေနိုနို | အမျိုးသမီးများ ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုရှိလာစေရန်အတွက် နောင် (၅)နှစ်တွင် မျှော်မှန်းထားချက်များကိုဆွေးနွေးပါသည်။ |
| 10:00 | ခိုင်းနီးမိုင် | အမျိုးသားများ၎င်းတို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆွေးနွေးပြီးတင်ပြပါသည်။ |
| 10:00 | နော်ယွားဟေနိုနို | အမျိုးသမီးများ၎င်းတို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆွေးနွေးပြီးတင်ပြပါသည်။ |
| 11:00 | ခိုင်းနီးမိုင်<br>နော်ယွားဟေနိုနို | အမျိုးသားများတင်ပြသောဖွံ့ဖြိုးရေးလုပ်ငန်းနှင့်<br>အမျိုးသမီးများတင်ပြသောဖွံ့ဖြိုးရေးလုပ်ငန်းကိုမဲပေးစနစ်ဖြင့်ရွေးချယ်ရာတွင်<br>(က) ကျေးရွာချင်းဆက်လမ်းများပြုပြင်တိုးချဲခြင်း<br>(ခ) ရေကန်နှင့်ရေပိုက်သွယ်တန်းခြင်း |

| အချိန် | ဆွေးနွေးသူ | အကြောင်းအရာ |
|---|---|---|
| | | (၃) ကျေးရွာခိုးမသောင်းတည် သောက်ခြင်း<br>(၄) စာသင်ကျောင်း အသစ်တည်ဆောက်ခြင်း လုပ်ငန်းများ ကို မဲပေး ခန့်ဖြင့် ဆွေးနွေးချုပ်ရရှိပါသည်။ |
| 11:40 | ခိုင်ခိုးပိုင်<br>နော်ယွာသော်ခိုခို | ကျေးရွာစီမံခန့်ခွဲမှု အဖွဲ့အား မဲပေးခန့်ဖြင့် ဆွေးနွေးချုပ်ခဲ့ရာတွင်<br>ကျေးရွာစီတောက်ဥက္ကဋ္ဌ - (က) ဦးစောခရီးဆဲထူး ၊ (ခ) ဒေါ်နော်ကျုံမူးလော<br>စောမိုကျေးညီ့ကြီးကြပ်ရေး ဆပ်ကော်မတီ - (က) ဦးစောပားဘယ်ထူး၊ (ခ) ဒေါ်သာဝါခို<br>ပညာပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆပ်ကော်မတီ - (က) ဦးစောဝါးချည် ၊ (ခ) ဒေါ်မူးထူး<br>လယ်ယာရေး ဆပ်ကော်မတီ - (က) ဦးစောအာဘီ ၊ (ခ) ဒေါ်နော်ကျိကြာလော<br>လေ့နာကြိုပြုတိုက်ကြား - (က) ဦးစောလူးဘယ် ၊ (ခ) ဒေါ်နော်မူလေလော စေ့ရှင်းရေးကော်မတီ<br>ငွေစာရင်းကိုင် - (က) ဦးစောမူးထူး<br>တို့အား မဲအများဆုံးဖြင့် ရွေးချယ်ရရှိပါသည်။ |
| 12:00 | ယွာသော်ခိုခို | စီမံကိန်းတွင် အကြံပြုဝင်ခွင့်များ ၊ VDP တွင်ပါဝင်မည့် အချက်အလက်များ၊ သဘာဝအကာအကွယ်များ ၊ လူမှုအကာအကွယ်များ ဆွေးနွေးပါသည်။ |
| 12:10 | ခိုင်ခိုးပိုင် | စီမံကိန်း ပထမအကြိမ်တွင် အကျုံးဝင်သောစာရင်း နှင့်အကျုံးမဝင်သည့်အချင်းများ ရှင်းပြပါသည်။ |
| 12:30 | နော်ယွာသော်ခိုခို | ရှေ့ဆက် လုပ်ဆောင်မည့် အကြောင်းအရာ ဖြစ်သော အုပ်စုကော်မတီ ဖွဲ့ရာတွင် ကျွန်းကျေးရွာ တက်ရောက်ပေးပါရန် ဖိတ်ကြား ပြီး အစည်းအဝေးကို ရုတ်သိမ်းပါသည်။<br><br>ဒုတိယအစည်းအဝေးမှတ်တမ်းပြုစုသူ<br>လူထုစည်းရုံးရေးမှူး ၃<br>ဒေါ်နော်ယွာသော်ခိုခို<br>(signature) |

## ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ လမ်း/တံတား | ၁ | ကျေးရွာချင်းဆက်လမ်းပြုပြင်ခြင်း | က + မ | | | |
| | ၂ | အိမ်မဲ့ဆောင်တည်ဆောက်ခြင်း | က + မ | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အသက်မွေးဝမ်းကျောင်း | ၁ | အလုပ်အကိုင်အခွင့်အလမ်း | က + မ | | | |
| | ၂ | မြေဩဇာပေးခြင်း | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| ကျန်းမာရေး ရေနှင့်သန့်ရှင်းရေး | ၁ | ကျေးရွာဆေးပေးခန်းတည်ဆောက်ခြင်း | က + မ | | | |
| | ၂ | ရေစုကန်ရေပိုက်လိုင်းဖြန့်ဆောက်ခြင်း | က + မ | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| ပညာရေး | ၁ | ကျောင်းဆောင်တည်ဆောက်ခြင်း | က + မ | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| အခြား | ၁ | ဆိုလာအကူအညီမီးရရှိရေး | က + မ | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |